အမျိုးသမီး လိင်လုပ်သားများ အတွက် တရားမျှတမှု လက်လှမ်းမီရေး “ပြစ်ဒဏ် ပေးခြင်းထက် အကာအကွယ် ပေးခြင်းကို မြှင့်တင်ပေးရန်”

## အမျိုးသမီးနှင့် တရားမျှတမှု

# နစ်နေသူကိုဝါးကူ မနှစ်ဖို့ ကာကွယ် ပေးကြပါရှင်။

၂၀၁၉

# အနှစ်ချုပ်

မြန်မာနိုင်ငံအတွင်းလုပ်ကိုင်နေကြသော အမျိုးသမီးလိင်လုပ်သားများသည် တရားမဝင်ရပ်တည်နေရသောကြောင့် ၎င်းတို့ ထိတွေ့ဆက်ဆံနေရသည့် ဧည့်သည်များ၊ အလုပ်ရှင်များနှင့် တာဝန်ရှိ အာဏာပိုင်များ၏ အမျိုးမျိုးသောအနိုင်ကျင့်မှု၊ အနိုင်ယူမှုများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည်။ ၎င်းတို့ ဘဝအတွက် မတရားသောအနိုင်ကျင့်မှုများနှင့်အနိုင်ယူမှုများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ၊ ပြည့်တန်ဆာ ဥပဒေအရ ဖမ်းဆီးခံရခြင်း၊ အရေးယူခံရခြင်းကို စိုးရိမ်ကြောင့်ကြမှုကြောင့် အကူအညီတောင်းခံမှုများ မလုပ်ကြခြင်းဖြစ်သည်။ ၎င်းတို့အတွက် ဖမ်းဆီးခံရသည်နှင့်တစ်ပြိုင်နက် ဥပဒေဆိုင်ရာအကူအညီရရှိမှု၊ လုံလောက်သော ကျန်းမာရေးကုသမှုများ၊ ဆေးဝါးရရှိမှုများကို အလွန်အလှမ်းဝေးနေရသည်။ တနည်းအားဖြင့် ၎င်းတို့ဘဝသည် ဥပဒေနှင့်အညီ အခြေခံကာကွယ်မှု ရပိုင်ခွင့်များကို လက်လွှတ်ဆုံးရှုံးနေသည်။

**ဥပဒေ ရေးဆွဲပြဋ္ဌာန်းသူများသည် အားကိုးရာမဲ့ဖြစ်နေသော အမျိုးသမီးလိင်လုပ်သားအများစုအတွက် အရှက် တရားပျက်ပြားခဲ့ရခြင်း၊ ရာဇဝတ်သားကဲ့သို့ဆက်ဆံခံရခြင်းနှင့် အသွင်ယူဖမ်းဆီးခံခြင်းများကို လျော့ချတားမြစ်မှု လုပ်ဆောင်ပေးရန်လိုအပ်နေပါသည်။ ၎င်းအပြင် ၎င်းတို့ဘဝတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ အခြေခံရပိုင်ခွင့်များ အထူးသဖြင့် ကျန်းမာရေး ကုသမှုများ လက်လှမ်းမီရေးနှင့် တရားမျှတမှု လက်လှမ်းမီရေးတို့ကို မြှင့်တင်ပေးရန် လိုအပ်သောမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးသင့်ပါသည်။**





## မွန်ပြည်နယ်လုံးဆိုင်ရာ အမျိုးသမီးများ နှင့် ကလေးသူငယ်များ စွမ်းရည်မြှင့်တင်ရေးစင်တာ Mon State Women and Children Upgrade Conduct Organization (MWCUC) နှင့် မေတ္တာအင်အား အဖွဲ့အစည်းများအကြောင်း

MWCUC နှင့် မေတ္တာအင်အားသည် မွန်ပြည်နယ်ရှိ အမျိုးသမီးများကို ကူညီထောက်ပံ့ပေးနိုင်ရန် အတူလက်တွဲ လုပ်ကိုင်နေသော မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပါသည်။ MWCUC ကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာစွမ်းရည်မြှင့် သင်တန်းများပေးခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်ခံရသောအမှုများကို တရားမျှတမှုပြန်လည် ရရှိနိုင်အောင် ဥပဒေလမ်းကြောင်းပေါ်သို့ရောက်အောင်ကူညီပေးပြီး အမှုဖြစ်စဉ်အစမှအဆုံးတိုင်အောင် လိုက်ပါကူညီ၍ဝန်ဆောင်မှုပေးခြင်း၊Advocacy လုပ်ခြင်း၊ Policy Change အထိအဆင့်ဆင့်ဆောင်ရွက်ခြင်း၊ Research များအတွက် Document များ စုဆောင်ပေးခြင်း၊ Campaign များ Community Moblization များပြုလုပ်၍ အသိပညာပေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး အခုလက်ရှိတွင်လည်း ပြုလုပ်နေဆဲဖြစ်ပါသည်။ ၎င်းအပြင် Women Centre ထားရှိပြီး အမျိုးသမီးစွမ်းရည်မြှင့်အစီအစဉ်များသာမက ကျူးလွန်ခံရသောအမျိုးသမီးများအတွက် ခေတ္တနားရာ အိပ်ဆောင်ထားရှိပေးခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့်သက်ဆိုင်သည့် သင်တန်းများကိုလည်း ပို့ချပေးခဲ့ပြီး ပြန်လည်ကုစားထူထောင်ရေးများ ဆောင်ရွက်ပေးခဲ့ပါသည်။ မေတ္တာအင်အားအဖွဲ့သည် ၂၀၀၆ ခုနှစ် မှစတင်၍ စတင်လှုပ်ရှားခဲ့ပြီး အမျိုးသမီးလိင်လုပ်သားများအတွက် ရှေ့တန်းမှပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ဥပဒေရေးရာနှင့် ပတ်သက်သည့် သင်တန်းများဖွင့်ခြင်း၊ ဆိုင်လုပ်ငန်းပိုင်ရှင်၊ မန်နေဂျာနှင့်အမျိုးသမီးလိင်လုပ်သားများပါဝင်သည့်ဆွေးနွေးပွဲများဖော်ဆောင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် ကွန်ဒုံးအသုံးပြုရန် အရေးကြီးပုံ၊ မိမိတို့၏ဖောက်သည်များတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးခဲ့ကြသည်။ထိုဆွေးနွေးပွဲများ၏အဓိကရည်ရွယ်ချက်မှာ လိင်လုပ်သားအမျိုးသမီးများ

အတွက် အကာအကွယ်ပေးရန်ဖြစ်သည်။ ကူညီပံ့ပိုးပေးရန်ငွေလုံလုံလောက်လောက်ရှိခဲ့ပါကအချုပ်ကျခံနေရသော လိင်လုပ်သားအမျိုးသမီးများအတွက်အစားအသောက်များ၊ အဝတ်အထည်များ ကူညီပံ့ပိုးခြင်း ဥပဒေဆိုင်ရာ အထောက်အကူပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့သည်။

## မှတ်တမ်းတင်ပြုစုခြင်းနည်းလမ်း

လိင်လုပ်သား အမျိုးသမီးများ၏ အနိုင်ကျင့်ခံရမှုများ၊ ဥပဒေရေးရာ လက်လှမ်းမီမှုများနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာပြီး ခွဲခြမ်းစိတ်ဖြာခြင်းပြုလုပ်၍စနစ်တကျတင်ပြခြင်းတို့ကို MWCUC နှင့် မေတ္တာအင်အားအဖွဲ့တို့ပူးပေါင်းကာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ ဇူလိုင်လအတွင်းတွင် ပြုလုပ်ခဲ့ကြသည်။ ထိုသို့လေ့လာမှတ်တမ်း တင်ပြုစုရေးသားထားသည့်အကြောင်းအရာ၊ အချက်အလက်များအနက်မှ လိင်လုပ်သားများကြုံတွေ့နေရသည့် အနိုင်ကျင့်ခံရမှုများနှင့် တရားဥပဒေလက်လှမ်းမီရေးအတွက် အခက်အခဲရှိသည့် ဖြစ်ပျက်ခဲ့သော မှုခင်းအကြောင်းအရာနှစ်ခုကို ကောက်နှုတ်၍ တင်ပြထားပါသည်။ MWCUC နှင့် မေတ္တာအင်အားအဖွဲ့တို့သည် လိင်လုပ်သားအမျိုးသမီးများနှင့် တွေ့ဆုံ၍ စကားလက်ဆုံ ပြောသည့်ပုံစံမျိုးဖြင့် အချက်အလက်များကို စုဆောင်းခဲ့ကြပြီး မတူကွဲပြားသည့် အကြောင်းအရာနှစ်ခု[၁]ကို စနစ်တကျမှတ်တမ်းတင် ပြုစုရေးသားခဲ့ပါသည်။

[၁] ဤလုပ်ငန်းစီမံချက်သည် မှုခင်းအဖြစ်ပျက်မှန်ကို အခြေပြု၍ ဖြစ်ရပ်မှန်ကို လေးနက်စွာ ထဲထဲဝင်ဝင် လေ့လာထားခြင်းကြောင့် တွေ့ဆုံမေးမြန်းဆွေး နွေးခဲ့သည့် လူဦးရေအနည်းငယ်သာ ပါဝင်ခဲ့ပါသည်။





## မြန်မာနိုင်ငံတွင်းရှိ လိင်လုပ်သားအမျိုးသမီးများ

၂၀၁၀ ခုနှစ်တွင် ပြုလုပ်ခဲ့သော UNAIDS ၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် လိင်လုပ်သားအမျိုးသမီး(၇၀,၀၀၀)ခန့်ရှိကြောင်းသိရသည်။[၂] လိင်လုပ်သားအမျိုးသမီးအများစုသည် ဆင်းရဲသည့် အသိုင်းအဝန်းမှဖြစ်ပြီး မိသားစု၏ ဝန်ထုပ်ဝန်ပိုးများ၊ တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် လိင်လုပ်သားအဖြစ်ရောက်ရှိ လာကြခြင်းဖြစ်သည်။ အဆိုပါတာဝန်များတွင် ညီအကိုမောင်နှမများကို ထောက်ပံ့ရခြင်း၊ ကလေးငယ်များကိုစောင့်ရှောက်ရခြင်း၊ အရက်သေစာစွဲလန်းနေသော ယောကျ်ား၏ တာဝန်များကိုယူရခြင်းများလည်းပါဝင်သည်။ (Care Myanmar အဖွဲ့အစည်း ၂၀၁၅[၃] -၂၀၁၃[၄] )

လိင်လုပ်သားအမျိုးသမီးများ ဆက်ဆံနေရသည့် ဧည့်သည်များ၊ တာဝန်ရှိရဲဝန်ထမ်းများ၊ အလုပ်ရှင်များ၏ မတရားအနိုင်ကျင့်ခံရခြင်း၊ တရားဥပဒေလက်လှမ်းမီမှုမရရှိခြင်း၊ အကာအကွယ်ရရှိရေးအတွက် လမ်းစပျောက်နေရခြင်းတို့အကြောင်းအရင်းမှာ ၎င်းတို့ကို ဥပဒေနှင့်မလွတ်ကင်းသူများဟု သတ်မှတ်ထားခံရခြင်း ကြောင့်ဖြစ်သည်။ လိင်လုပ်သားအမျိုးသမီးများ နောက်ထပ်ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုမှာ တာဝန်ရှိရဲဝန်ထမ်းများမှ ၎င်းတို့လိုအပ်သည့် အရေအတွက်ပြည့်မီရန် အလျဉ်းသင့်သလိုအဖမ်းခံနေရခြင်းဖြစ်သည်။ ဖမ်းဆီးခံရသည့် ဥပဒေမှာ ၁၉၄၉ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ နှင့် ရဲအက်ဥပဒေအရ ဖြစ်သည်။ (Care Myanmar ၂၀၁၅ ကိုကြည့်ပါ။)[၅]

[၂] ၂၀၁၀ခုနှစ် ထုတ်ပြန်ခဲ့သော "မြန်မာနိုင်ငံ အိပ်ချ်အိုင်ဗီ HIVရောဂါ နှင့် လိင်လုပ်ငန်း"၊ အထောက်အထားမှ လုပ်ဆောက်ချက်၊ အာရှပစိဖိတ်ဒေသ အချက်အချာကျသော အိပ်ချ်အိုင်ဗီ နှင့် အေအိုင်ဒီအက်စ်အချက်အလက်များ။

[၃] ၂၀၁၅ ခုနှစ် Care Myanmar ၏ အလွှာပေါင်းစုံ ပါဝင်သော စစ်တမ်းကောက်ယူခြင်းနှင့် သုတေသန စီမံကိန်း (PEER) မှ ထုတ်ပြန်ခဲ့သော သုတေသနစာတမ်းမှာ "မြန်မာနိုင်ငံတွင် လိင်လုပ်သားများ၏ ဘဝနေထိုင် - အစွန်အဖျားအပေါ် နေထိုင်နေရခြင်း" ဖော်ပြထားသည်။

[၄] ၂၀၁၃ ခုနှစ် Care Myanmar Genter Team ဦးဆောင်၍ Care Myanmar's Marginalised Population Programme မှ "လိင်လုပ်သားများနှင့် အမျိုးသမီးအလုပ်သမားအပေါ် လေ့လာသုံးသပ်ခြင်း Gender Analysis " ထုတ်ပြန်ခဲ့သည်။

[၅] ၂၀၁၅ ခုနှစ် Care Myanmar ၏ အလွှာပေါင်းစုံ ပါဝင်သော စစ်တမ်းကောက်ယူခြင်းနှင့် သုတေသန စီမံကိန်း (PEER) မှ ထုတ်ပြန်ခဲ့သော သုတေသနစာတမ်းမှာ "မြန်မာနိုင်ငံတွင် လိင်လုပ်သားများ၏ ဘဝနေထိုင် - အစွန်အဖျားအပေါ် နေထိုင်နေရခြင်း" ဖော်ပြထားသည်။

# ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး ဥပဒေ အရအရေးယူခံရခြင်း၊ ဖမ်းဆီးခံရခြင်း။

၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး ဥပဒေအရဖမ်းဆီးခြင်းတွင် **"ပြည့်တန်ဆာလုပ်ငန်းဆိုရာတွင် အလိုတူအောင် သွေးဆောင်ဖြားယောင်းခြင်းနှင့် ပြည့်တန်ဆာအိမ်မှာအလုပ်လုပ်ခြင်းတို့ ပါဝင်သည်"** နဂိုမူလဥပဒေပြဋ္ဌာန်းချက်ကို အကြိမ်ကြိမ်ပြင်ဆင် ဖြည့်စွက်ပြီးနောက် လိင်လုပ်သားများ ပို၍ပြစ်ဒဏ် ကြီးလေးအောင် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေအား ၁၉၉၈ခုနှစ်တွင်နောက်ဆုံး ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့သောဥပဒေ ဖြစ်ပါသည်။၎င်းပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့သောဥပဒေတွင် ပြည့်တန်ဆာအိမ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပိုမိုပြည့်စုံအောင် ဖြည့်စွက်ခဲ့၍ ပြည့်တန်ဆာအိမ်ပိုင်ရှင်နှင့် ထိုပြည့်တန်ဆာအိမ်တွင် အလုပ်လုပ်နေသော လိင်လုပ်သားအမျိုးသမီးများအတွက် ပြစ်ဒဏ်များ ပိုမိုကျစေရန်အတွက် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ မှုခင်းအကြောင်းလေ့လာတွေ့ရှိချက်များအရဆိုလျှင် မွန်ပြည်နယ်တွင်းရှိလိင်လုပ်သားအမျိုးသမီးများ မကြာခဏအဖမ်းခံရသည့် ဥပဒေပုဒ်မသည် **ပုဒ်မ ၃(က/ခ)**[၆] (Solicitation) ဖြစ်သည်။ ထိုပုဒ်မအတွက်ပြစ်ဒဏ်မှာ ဧည့်သည်များကိုဖြားယောင်းဆွဲဆောင်မှုဖြင့် တစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်သည်။ ထို့အပြင်ဥပဒေပုဒ်မ ၇/၁ ဖြင့် လည်း ထပ်မံတရားစွဲခံရသည်။[၇]

[၆] ပုဒ်မ ၃ "မည်သူမဆို ပြည်သူတို့နှင့်ဆိုင်သောလမ်း၌သော်လည်းကောင်း၊ ပြည်သူတို့နှင့်ဆိုင်သောနေရာ၌သော်လည်းကောင်း၊ ပြည်သူတို့ ဝင်ထွက် သွားရောက်မြဲနေရာ၌သော်လည်းကောင်း၊ ထိုလမ်း ထိုနေရာတို့မှ မြင်သာ ကြားသာအောင် အိမ်၊ အဆောက်အအုံ၊ အခန်း၊ ရေယာဉ် သို့မဟုတ် ကုန်း ယာဉ် အတွင်း၌သော်လည်းကောင်း၊ အပြင်ကသော်လည်းကောင်း(က) ပြည့်တန်ဆာကိစ္စအလို့ငှာ နှုတ်အမူအရာဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ ဟိရိဩတ္တပတရားကင်းလျက် မိမိကိုယ်ကာယကို တမင်လှစ်ပြခြင်း ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အာရုံစွဲငြိစေရန် အားထုတ်လျှင် သို့မဟုတ် (ခ) ပြည့်တန်ဆာကိစ္စအလို့ငှာ တစ်ဦးတစ်ယောက်သောသူအား မြူခေါ် သွေးဆောင်ခြင်း၊ နှောက်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် အနီးအနားတွင် ရစ်ဝဲခြင်း ပြုလျှင်- ထိုသူကိုအလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ပြစ်ဒဏ်စီရင်ခံရသူသည် မိန်းမဖြစ်လျှင် ထိုမိန်းမကို သတ်မှတ်ထားသည့်ဌာန၌ တားဆီးထိန်းသိမ်းထားခြင်းအားဖြင့် ထောင်ဒဏ်ကျခံစေရမည်။

[၇] ဥပဒေပုဒ်မ ၇/၁ ဆိုသည်မှာ ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်း ဖြစ်သည်။





# ဥပဒေပြင်ဆင်ရေးအတွက် ကြိုးပမ်းချက်

လိင်လုပ်သားအမျိုးသမီးများ၏ လူ့ဂုဏ်သိက္ခာနှင့်အကာအကွယ်များ ရရှိရန်အတွက် လွှတ်တော် အမတ်ကိုယ်စားလှယ်တချို့နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှကြိုးပမ်းလှုပ်ရှားနေပါသည်။ ထို့အပြင် အရေးယူအပြစ်ပေးခံရသည့် ဆင်းရဲနွမ်းပါးပြီး အကူအညီလိုအပ်သော လိင်လုပ်သားအမျိုးသမီးများအတွက် ဝိုင်းဝန်းလုပ်ဆောင်ခဲ့သည်။ ပြည့်တန်ဆာဥပဒေအဟောင်းကို ပိုမိုကောင်းမွန်လာစေရန်နှင့်လိင်လုပ်သားအမျိုးသမီးများ အကာအကွယ်ပိုမိုရရှိအောင် ထပ်မံပြင်ဆင်ရန်အတွက် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

# ရဲအက်ဥပဒေဖြင့် ဖမ်းဆီးခံရခြင်း

**လိင်လုပ်သားအမျိုးသမီးများ ပုံမှန်အဖမ်းခံရနေရသည့် "ရဲအက်ဥပဒေ** Police Act" **မှာအထူးသဖြင့် "မှောင်ရိပ်ခိုမှု" ပုဒ်မ ဖြင့် ဖမ်းဆီးခံနေရခြင်းဖြစ်သည်။ ၁၈၉၉ ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ ၃၀ နှင့် ၁၉၄၅ ရဲအက်ဥပဒေ ပုဒ်မ ၃၅(ဃ) များအရ "နေဝင်နှင့် နေထွက်ချိန်အကြား ဈေး၊ လမ်းဘေး၊ လမ်းဝင်းခြံသို့မဟုတ် အခြားနေရာတစ်ခုခုတွင် ဖင်နွဲ့ သို့မဟုတ် ရပ်နေသူကို တွေ့သည့်အခါ ၎င်းသူက မိမိအကြောင်းကို ပြေလည်အောင် မပြောနိုင်သူ၊ ၎င်းတို့ကို ဝရမ်းမပါဘဲ မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို ဖမ်းဆီးနိုင်သည့်အပြင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလအထိ ထောင်ဒဏ်ချမှတ်ခံရမည်" ဟု ဖော်ပြထားသည်။**

သာဓက ၁

# မွန်ပြည်နယ်[၈] လိုင်လုပ်သား အမျိုးသမီးများ

ဆေးဝါးကုသခွင့် မရရှိသောကြောင့် အကျဉ်းထောင်ထဲမှာ အသက်သေဆုံးခဲ့ရသည်။



[၈] တွေ့ဆုံဖြေကြားပေးသူများ၏ ဘဝလုံခြုံရေးအရ ကာကွယ်ပေးနိုင်ရန် ၎င်းတို့၏ အမည်အရင်းများကို ပြောင်းလဲထားပြီး မြို့နယ်များနှင့်အခြားနေရာများ ၏ အမည်များကို မှုခင်းလေ့လာခြင်းများမှ ချန်လှပ်ထားခဲ့သည်။



## ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေဖြင့်ဖမ်းဆီးအရေးယူခံရသည့် လိုင်လုပ်သားအမျိုးသမီးများ ဆေးဝါးကုသခွင့် မရရှိခြင်းကြောင့် အကျဉ်းထောင်ထဲမှာ အသက်သေဆုံးခဲ့ရခြင်း။

၂၀၁၅ခုနှစ်တွင် မွန်ပြည်နယ်ရှိ မြို့နယ်တစ်ခု၏ KTV ဆိုင်တွင် အမျိုးသမီး(၁၁)ဦးသည် ပြည့်တန်ဆာ နှိပ်ကွပ်ရေးဥပဒေ ပုဒ်မ၃(ခ)ဖြင့် ဖမ်းဆီးအရေးယူခံရပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ်စီကျခံခဲ့ရသည်။ ထိုအမျိုးသမီး (၁၁)ဦးထဲမှ (၂)ဦးသည် အမိန့်ချပြီးတစ်လအကြာတွင် ဆေးကုသခွင့် လုံလောက်စွာ မရရှိခြင်းကြောင့် အကျဉ်းထောင်ထဲတွင် အသက်သေဆုံးခဲ့ရခြင်းဖြစ်သည်။ တာဝန်ရှိရဲများမှ ဝင်ရောက်ရှာဖွေဖမ်းဆီးသည့်အချိန်တွင် KTV ဆိုင်တွင်ရှိနေသော အမျိုးသမီး (၁၁)ဦးအား ဖမ်းဆီး၍ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ ပုဒ်မဖြင့် စွဲဆိုခဲ့သည်။ အမှန်တကယ်တွင် အမျိုးသမီး (၁၁)ဦးမှာ လိုင်လုပ်သားအမျိုးသမီးများ မဟုတ်ဘဲ ၎င်းတို့အနက်မှ (၈)ဦးသာ လိုင်လုပ်သား အမျိုးသမီးများဖြစ်ခဲ့ကြသည်။ ကျန်အခြား အမျိုးသမီး (၃)ဦးမှာ အခြားဒေသမှ ငါးခြောက်လာရောင်းသူများ ဖြစ်ကြသည်။ ဤဥပဒေအရဆိုလျှင်၎င်းအမျိုးသမီးများအား **"မြူဆွယ်နေစဉ် သို့မဟုတ်လိင်ဆက်ဆံနေစဉ်"** ဖြစ်လျှင် ဤဥပဒေပုဒ်မဖြင့် ဖမ်းဆီး အရေးယူပြီး တရားစွဲဆိုခွင့်ရှိသည်။ ယခုကိစ္စတွင် ဖမ်းဆီးခံရသော အမျိုးသမီးများတွင် တစ်ချို့မှာ ထမင်းထိုင်စားနေခြင်း၊ တစ်ချို့မှာပန်းကန်ဆေးနေခြင်း၊ တစ်ချို့မှာ တီဗွီထိုင်ကြည့် နေခြင်းဖြစ်၍ တာဝန်ရှိရဲများမှ ထောင်ချောက်ပုံစံဆင်ပြီး ၎င်းအမျိုးသမီးများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။





## KTV ဆိုင်ကို ပုံမှန်လာနေကြ ဧည့်သည်ပုံစံဖြင့် ဟန်ဆောင်၍ သတင်းပေးခဲ့ခြင်း

တာဝန်ရှိရဲများမှ သတင်းပေးခြင်းအား အသွင်ယူပုံစံ ကျင့်သုံး၍ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သတင်းပေးသူမှာ ဤဆိုင်၏ ဧည့်သည်ပုံစံဖြင့် ဟန်ဆောင်ထားပြီး KTV ဆိုင်တွင် အစားအသောက်များ မှာစားနေချိန်ဖြစ်သည်။ ထို့နောက် ၎င်းမှ ကျသင့်ငွေစာရင်းကို တောင်းခံပြီး KTV ဆိုင် အမျိုးသမီးဝန်ထမ်း ကျင့်သင့်ငွေကို တောင်းခံသည့်အချိန်တွင် သူမ၏လက်ထဲကို ပိုက်ဆံမထည့်ပေးဘဲ သူမ၏ရင်ဘတ်ကြားကို အတင်းထိုးထည့်ခဲ့သည်။ ထိုအချိန်တွင် အရပ်ဝတ် ဝတ်ဆင်ထားသော တာဝန်ရှိရဲများက KTV ဆိုင်၏ အခန်းထဲသို့ ဝင်လာပြီး စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

## အချုပ်ကျနေစဉ်ကာလတွင် ရဲစခန်းမှတာဝန်ကျရဲများက ငွေကြေးတောင်းခံခဲ့ခြင်း

ဖမ်းဆီးခံရသောအမျိုးသမီးများအား ရဲစခန်း၌ အချုပ်ကျနေစဉ်ကာလတွင်တာဝန်ကျရဲများမှတစ်ယောက်ကို ငွေ(၁၂၀,၀၀၀)ကျပ် ပေးဆောင်ပါက အမှုအတွက်သက်သာမည်ဖြစ်ကြောင်း တာဝန်ကျရဲများကပြောဆိုခဲ့ပြီး ထိုငွေကြေး ရယူရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြသည်။ ဖမ်းဆီးခံရသော အမျိုးသမီးများအားလုံးမှာ ၎င်းငွေပမာဏ (၁၂၀,၀၀၀) ကျပ်ကို မတတ်နိုင်ခဲ့၍ ပြည်တန်ဆာနှိပ်ကွပ်ရေးဥပဒေ ပုဒ်မ ၃(ခ) ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁နှစ် စီ အမိန့်ချခဲ့သည်။ မေးမြန်းစစ်ဆေးသည့်ကာလမှာ (၅)လခန့် ကြာမြင့်ခဲ့သည်။

မသီရိ အသက်(၃၅)နှစ်သည် ဤ KTV ဆိုင်တွင် အလုပ်လုပ်နေသောသူငယ်ချင်းတစ်ဦးထံကို အလည်လာခဲ့သူဖြစ်ပြီး ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ ပုဒ်မ၃(ခ)ဖြင့် ဖမ်းဆီးတရားစွဲခံရခြင်းဖြစ်သည်။ သူမယောကျ်ားနှင့် ကွဲခဲ့ပြီးနောက်မွန်ပြည်နယ်တွင်း အခြားမြို့နယ်တစ်ခုရှိ KTVဆိုင်တွင်အချိန်ပိုင်းဖြင့်အလုပ်လုပ်နေသူလည်းဖြစ်ပါသည်။ သူမသည် KTVဆိုင်တွင် အလုပ်လုပ်နေကြောင်းကို မိဘနှင့်မိသားစုကို မပြောပြဘဲ၊ အခြားလုပ်ငန်း တစ်ခုဖြစ်သော အုတ်၊ သဲ၊ ကျောက် အရောင်းဆိုင်တစ်နေရာတွင် အလုပ်လုပ်နေကြောင်း ပြောဆိုထားခြင်းဖြစ်သည်။ ထို KTV ဆိုင်တွင်တစ်နှစ်ခန့် အလုပ်လုပ်ပြီး ငွေကြေးအတော်သင့် စုဆောင်းမိပါက ရွာပြန်၍ သူမ၏မိဘ၊ မိသားစုနှင့် အတူ နေသွားမည်ဟု စိတ်ကူးထားသည်။





## HIV ဆေးဝါးမရရှိခြင်းကြောင့် အမျိုးသမီးငယ်လေး သေဆုံးရခြင်း

မသီရိ၏ သူငယ်ချင်းဖြစ်သူ မနီလာ အသက်(၂၉)နှစ်သည် ခုခံအားကျဆင်းရောဂါခံစားနေရပြီး ARTဆေးသောက်နေရသူဖြစ်ကာ အကျဉ်းထောင်ထဲတွင်ဆေးဝါးမရ၍ ဆေးပြတ်ပြီး သေဆုံးသွားခဲ့သည်။ မနီလာသည် (၂) နှစ်အရွယ်သမီးကလေး၏ မိခင်ဖြစ်ပြီး ဧရာဝတီတိုင်းမှဖြစ်သည်။ သူမသည် ရွာတွင်အမဖြစ်သူနှင့်အတူနေထိုင်သူဖြစ်သည်။မနီလာယောကျ်ား ၂၀၁၅ခုနှစ်တွင် ဆုံးပါးသွားခဲ့ချိန်မှစ၍ လိင်လုပ်သားအမျိုးသမီးအဖြစ် လုပ်ကိုင်ခဲ့သည်။ သူမ၏ မိသားစုမှာ လိင်လုပ်သားအမျိုးသမီးလုပ်သည်ကို မသိရှိသည့်အပြင် သူမအဖမ်းခံရသည်ကိုလည်း မသိရှိကြပေ။ မနီလာသည် အကျဉ်းထောင်ထဲတွင် အမှန်တကယ်လိုအပ်သောဆေးဝါးမရရှိသည့်အပြင် အပြင်းအထန်နာမကျန်း ဖြစ်ချိန်တွင် တရားရုံးတက်ပြီးအမိန့်နာခဲ့ရသည်။ မနီလာ အဖမ်းခံရသောအချိန်တွင် ခုခံအားကျဆင်းသူ ဝေဒနာရှင်များအား တိုက်ရသည့် ဆေးဝါးကို နေစဉ်မပျက် သောက်နေရသည့်အချိန်ဖြစ်သည်။ ထိုဆေးဝါးကို NGOs အဖွဲ့အစည်းများ မှ ထောက်ပံ့ခဲ့သည်။ အမျိုးသမီးအားလုံး အဖမ်းခံရချိန်တွင် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်အဖမ်းခံရခြင်းကြောင့် သူမနှင့်အတူ ထိုဆေးကိုလည်းယူဆောင်မသွားနိုင်ခဲ့ပေ၊ နောက်ရက်တွင်လည်း KTV ပိုင်ရှင်မှ ဆိုင်ကိုသော့ပိတ်၍ပြေးသဖြင့် ထိုဆေးကိုမရယူနိုင်ခဲ့ပေ။ မနီလာသည်သူမ သောက်သောဆေးအမျိုးအစားကို ကောင်းစွာမပြောပြနိုင်ခြင်း၊ သူမကိုဆေးဝါးအမှန်တကယ်ရရှိရန် အကျဉ်းထောင်ထဲအထိ ကူညီပေးနိုင်သော CSO နှင့်တိုက်ရိုက် တွေ့ဆုံခွင့်မရခြင်းကြောင့် ဆေးအဆက်ပြတ်ခဲ့ရသည်။ ထို့ကြောင့် သူမ၏အခြေအနေမှာ ဆိုးရွားလာခဲ့ပြီး ဆေးရုံတင်သည့်အဆင့်အထိဖြစ်ခဲ့သည်။ ထိုသို့ စိုးရိမ်ရသည့်အခြေအနေ



ရောက်နေသည့်အတွက် အတူတူအဖမ်းခံရသည့်အခြားအမျိုးသမီးများမှ တောင်းပန်နေသည့်ကြားမှ သူမအား တရားရုံးတွင် အမိန့်ချရန် ခေါ်ဆောင်ခဲ့သည်။ ထိုအခြေအနေမှာ အဖမ်းခံရပြီး (၄)လအကြာဖြစ်ပြီး သူမ မထိုင်နိုင်ဘဲ ပက်လက်အနေအထားဖြင့် အမိန့်ကို ကြားနာခဲ့ရသည်။ အခြားအမျိုးသမီးများကဲ့သို့ပင်အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၁)နှစ်ကျခဲ့ရသည်။ အမိန့်ချမှတ်ပြီးတစ်လအတွင်း သူမသည် အကျဉ်းထောင်ထဲ၌ ဆုံးပါးခဲ့သည်။ သူမ မသေခင် သူမ၏ နောက်ဆုံးဆန္ဒမှာ သူမ၏ သမီးကို တွေ့ချင်ခြင်းဖြစ်သော်လည်း အခြေအနေအလွန်နောက်ကျခဲ့ရသည်။

## နောက်ထပ် ဖမ်းဆီးခံထားရသော အမျိုးသမီးငယ်တစ်ဦးလည်း အဆုတ်ရောဂါ (တီဘီ) ကြောင့် အကျဉ်းထောင်ထဲမှာ အသက်သေဆုံးခဲ့ရခြင်း

အခြားအမျိုးသမီးတစ်ဦးသည်လည်းမနီလာကဲ့သို့ပင် ခုခံအားကျဆင်းမှုဖြစ်ပြီးအကျဉ်းထောင်ထဲတွင် အသက်သေဆုံးခဲ့ရသည်။ တရားရုံးအမိန့်ချပြီးနောက် မသီရိမှလွဲ၍ကျန်သောအမျိုးသမီးများအားလုံးကိုအကျဉ်းလုပ်သားစခန်းသို့ပို့ခံရသည်။ မမေကြည် အသက် (၂၇)နှစ်သည် အခြားအမျိုးသမီးများနှင့်အတူ ဖမ်းဆီးခံရ၍ သူမကိုအခြားဝေးလံဒေသတစ်ခုရှိ အကျဉ်းလုပ်သားစခန်းတစ်နေရာသို့ ပို့ခံရသည်။ သူမသည် HIV/AIDS အပါဝင် အဆုတ်ရောဂါ(တီဘီ)ဝေဒနာဖြင့် ခံစားနေရသည်။ သူမ အဆုတ် ရောဂါ(တီဘီ) ဖြစ်ပြီးနောက် မည်သည့် ဆေးဝါးကုသမှု မရရှိခဲ့ပါ။ ထို့နောက်သူမသည် မော်လမြိုင် အကျဉ်းထောင်ကို ပြန်ပို့ခံရပြီးနောက် ထိုအကျဉ်းထောင်ထဲမှာပင် သူမ အသက်ဆုံးသွားခဲ့ရသည်။

## ထိုအမျိုးသမီးများသည် မည်သည့် အကူအညီမှမရရှိခဲ့ပေ။

ဆင်းရဲနွမ်းပါးပြီးဖမ်းဆီးခံရသော လိင်လုပ်သားအမျိုးသမီးများအားလုံးသည်မည်သည့်အကူအညီများမှမရရှိခဲ့ပါ။၎င်းတို့သည်အရှက်တရားကြောင့် ၎င်းတို့နှင့်ဆက်နွယ်သောမိဘ၊ မိသားစုများနှင့် မိတ်ဆွေသူငယ်ချင်းများကို ဖမ်းဆီးခံရခြင်းအကြောင်း အသိမပေးခဲ့ပါ။ ထို့ပြင်တရားရုံးရှေ့မှောက် အမှုရင်ဆိုင်ဖို့အတွက် ရှေ့နေများမရရှိခဲ့ပါ။ မသီရိနှင့် ရင်းနှီးသူတစ်ဦးမှာ တပ်မတော်မှဝန်ထမ်းတစ်ဦးဖြစ်ပြီး သူမအနေဖြင့် အကူအညီ တောင်းခံခဲ့သော်လည်း ထိုသူမှာသူ့ဂုဏ်သိက္ခာ မထိခိုက်လို၍ အကူအညီပေးဖို့ ငြင်းဆန်ခဲ့သည်။ ဖမ်းဆီးခံထားရသော အမျိုးသမီးများအားလုံးသည်



အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၁

ဝေးလံသော အကျဉ်းလုပ်သားစခန်း(ရဲဘက်စခန်း) တစ်နေရာသို့ ပို့ခံခဲ့ရသည်။ ထိုစခန်းတွင် ပင်ပန်းကြီးစွာ အလုပ်ကိုကြိုးစားလုပ်သော်လည်း တာဝန်ရှိသူများ၏ အထင်အမြင်သေးစွာ ဆက်ဆံခြင်းခံခဲ့ရသည်။ ထိုအခါက အကျဉ်းသားဝတ်စုံပင်မရခဲ့ပါဟု ၎င်းတို့ပြန်လည်ပြောကြားချက် အရသိရှိခဲ့ရပါသည်။ ထိုစဉ်အချိန်ကာလက လိင်လုပ်သားများအား ကူညီပေးသောအဖွဲ့များလည်း နည်းပါးကာ သတင်းအချက်အလက် စီးဆင်းမှုမရှိသလောက် ဖြစ်နေသဖြင့် ကူကယ်ရာမဲ့ အခြေအနေထိ ရောက်လုနီးပါး ဖြစ်ခဲ့ရပါသည်။ သို့သော် လိင်လုပ်သားများ၏ အရေးကိစ္စကိုသာ လိုက်လံကူညီပေးနေသော မေတ္တာအင်အားအဖွဲ့နှင့်ချိတ်ဆက်မိပြီး အကူအညီအထောက်အပံ့ရရှိခဲ့ပါသည်။

အကျဉ်းထောင်မှ မသီရိ လွတ်မြောက်ပြီးနောက် သူမသည် လိင်လုပ်ငန်းကိုပဲ ပြန်လည် အသက်မွေးဝမ်းကျောင်းပြုပြီး သူမရဲ့မိသားစုအတွက် အထောက်အပံ့ပေးနေရသည်။သူမအကျဉ်းကျနေသည့်အချိန်တွင်သူမ၏မိသားစုထံငွေအထောက်အပံ့မပေးနိုင်ခဲ့ပါ။ သူမတို့ မိသားစုပိုင် ခြံကိုပေါင်နှံ၍ သူများထံမှ ချေးငွေယူရတာကို ပြန်လည် ပေးဆပ်ရန်လိုအပ်ခဲ့သည်။ ထို့ကြောင့် သူမသည် အခြားရွေးချယ်စရာနည်းလမ်းမရှိဘဲ အန္တရာယ်များသော လိင်လုပ်သားကိုသာ ဆက်လက်လုပ်ကိုင်နေရပြီး တစ်ဖက်မှာလည်း နောက်ထပ် အဖမ်းဆီးခံရမည်ကို စိုးရိမ်ထိတ်လန့်နေရသည်။

# သာဓက ၂

## မွန်ပြည်နယ်
### မဇင်မာ

နှစ်ပေါင်းများစွာနှိပ်စက်ခံခဲ့ရသော လိင်လုပ်သားအမျိုးသမီးငယ်လေး သည် မည်သည့်ကာကွယ်မှုကိုမှ မရယူနိုင်ခဲ့ခြင်း။





**နှစ်ပေါင်းများစွာ နှိပ်စက်ခံခဲ့ရသော လိင်လုပ်သားအမျိုးသမီးငယ်လေးသည် မည်သည့် ကာကွယ်မှုကို မရယူနိုင်ခဲ့ခြင်း။**

ဆိုက်ကားသမားတစ်ဦး၏ အနိုင်ကျင့်စော်ကားမှုကို ခံခဲ့ရသော အသက်(၁၃နှစ်) မဇင်မာသည် ဆယ်ကျော် သက်အရွယ်ကတည်းက လိင်လုပ်သားအဖြစ် လုပ်ကိုင်ခဲ့ရသည်။ သူမ ယခုအသက်(၂၇)နှစ်ရောက်နေချိန်တွင် မြန်မာနိုင်ငံရှိ ကျန်းမာရေး အဖွဲ့အစည်းတစ်ခု၌ အလုပ်လုပ်ကိုင်နေသော်လည်း ထိုမှရရှိသော ထောက်ပံ့ငွေ အနည်းငယ်ပေါ်တွင် မရပ်တည်နိုင်သောကြောင့် သူမ၏အခြေခံအသုံးစရိတ်များကို ကာမိစေရန် ရည်ရွယ်၍လိင်လုပ်သားအဖြစ်ရံဖန်ရံခါ လုပ်ကိုင်ရန်အကြောင်းဖန်လာခဲ့သည်။ လိင်လုပ်ငန်းများနှင့်ပတ်သတ်ခဲ့ရသော (၁၄) နှစ်အတွင်းတွင်မဇင်မာသည် သူမ၏အလုပ်ရှင်များ၊ သူမဆက်ဆံနေသည့်ဧည့်သည်များနှင့် တာဝန်ရှိ ရဲဝန်ထမ်းများထံမှ ရိုက်နှက်ခံရခြင်း၊ အလိုမပါပဲ လိင်ဆက်ဆံခံရခြင်း၊ အုပ်စုဖွဲ့လိင်ဆက်ဆံခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းနှင့် ခြောက်လှန့်၍ ငွေတောင်းခံရခြင်းများအပါအဝင် နှိပ်စက်မှုမျိုးစုံကို သူမကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်။ သို့ပါသော်လည်းလိင်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် တရားမဝင်လုပ်ငန်းဖြစ်သောကြောင့် နှိပ်စက်အနိုင်ကျင့်သူများအား အရေးမယူနိုင်ပဲ မိမိအဖမ်းခံရမည်ကိုကြောက် နေခဲ့ရသည်။ မဇင်မာသည် ကလေးဘဝတွင် မိဘများမှစွန့်ပစ်ခံခဲ့ရပြီး မွေးစားမိဘများ၏ စောင့်ရှောက်မှုနှင့်မော်လမြိုင်မြို့၏ ဆင်းရဲသည့်ရပ်ကွက်တွင် ကြီးပြင်းခဲ့သည်။ ထို့နောက် မွေးစားမိဘများသည်လည်းသူမ အသက်ငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့ကြသည်။ မဇင်မာသည် ငယ်စဉ်ထဲက ယောကျ်ားလေးအဝတ်အစားများနှင့် ဆံပင်တိုတိုကိုသာ နှစ်သက်ခဲ့၍ သူမရဲ့မိတ်ဆွေသူငယ်ချင်းများမှာလဲ ယောကျ်ားများသာဖြစ်သည်။ မဇင်မာ အသက်(၁၃)နှစ်တွင် သူငယ်ချင်းဖြစ်သူ ဆိုက်ကားသမားက မုဒိမ်းပြုကျင့်ခြင်း ခံခဲ့ရသည်။

**အသက် (၁၅)နှစ်တွင် ပင်လယ်ငါးဖမ်းသင်္ဘောသို့ လိင်ကျွန်အဖြစ် ရောင်းစားခံခဲ့ရခြင်း။**

မဇင်မာကိုထားဝယ်မှာ ဝင်ငွေကောင်းသောအလုပ်တစ်ခုရမည်ဟု သူငယ်ချင်းက တဆင့်ကတိပေး၍ ခေါ်သွားခဲ့သော်လည်း ငါးဖမ်းစက်လှေတစ်စီးပေါ်သို့ လိင်ကျွန်အဖြစ်ရောင်းစားခံခဲ့ရသည်။ “သူတို့ဆီကငွေမရပါဘူး။ ငါးခြောက်လှမ်းရင်းကြွေကျလာတဲ့ ငါးခြောက်မှုန့်တွေပဲ အဖိုးအခအဖြစ်ပေးပါတယ်။ ဧည့်သည်တစ်ယောက်

အတွက်ကို မြန်မာငွေလေးရာတန်တဲ့ ငါးခြောက်မုန့်တွေကို အတွက်ကျလျာထားပေးတယ်လို့ သူဌေးကပြောတယ်။ နောက်မှသူတပေါင်းတည်းပေးမယ်တဲ့။ ဒါပေမဲ့ ကျွန်မ ဒီနေ့အထိအဲဒီကျွန်မဝေစု ငါးခြောက်မုန့်တွေကို မြင်တောင်မမြင်ခဲ့ရဘူး။” ဟု ပြောကြားခဲ့သည်။ ထိုဒုက္ခတွေကို (၃)လ ခန့်ခံစားခဲ့ပြီးနောက် သူငယ်ချင်းတစ်ယောက်၏ အကူအညီနှင့် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

## လိင်လုပ်ငန်းသည် တရားမဝင်လုပ်ငန်းဖြစ်သောကြောင့် အနိုင်ကျင့်သူများကို အရေးမယူနိုင်ခဲ့ပေ။

မဇင်မာသည်အချိန်ကြာလေ ပို၍နှိပ်စက်ခံခဲ့ရလေဖြစ်ခဲ့သော်လည်း လိင်လုပ်ငန်းလုပ်ကိုင်ခြင်းသည် တရားမဝင်သောကြောင့် သူမပင်အပြစ်ပေးခံရနိုင်မည်ကို စိုးရိမ်သဖြင့် လူကုန်ကူးသူများအား မတိုင်ကြားခဲ့ပေ။ မဇင်မာသည် မွန်ပြည်နယ်သို့ပြန်လာခဲ့ပြီး မြို့ငယ်လေးတစ်ခု၏ ပြည့်တန်ဆာအိမ်တွင်မှီခိုကာ လိင်အလုပ်ကိုပင်လုပ်ကိုင်ခဲ့ရပြန်ပါသည်။ ဆိုင်ရှင်များနှင့်ပြဿနာတက်ပြီး ပြည့်တန်ဆာအိမ်များနှင့် KTV များ မကြာခဏပြောင်းလဲလုပ်ကိုင်ခဲ့ရသည်။ သူမစောဒကတက်သောအခါများ၊ သူဆက်ဆံရမည့်ဧည့်သည်ကို လက်ခံရန်ငြင်းဆန်သည့်အခါများ၊ သူဆက်ဆံရမည့် ဧည့်သည်နှင့်တွေ့ဆုံရာမှ အပြန်နောက်ကျသောအခါများတွင် ပြည့်တန်ဆာအိမ်ပိုင်ရှင်များ၊ မန်နေဂျာများ၏ရိုက်နှက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် လုပ်ခလစာဖြတ်တောက်ခြင်းများကို ခံခဲ့ရသည်။

တစ်ရက်တွင်ပြည့်တန်ဆာအိမ်ပိုင်ရှင်မှတစ်ချိန်တည်းတွင်ဧည့်သည် (၅)ယောက်အား ခေါ်လာသောအခါတွင် ထွက်ပြေးရန် ကြိုးစားခဲ့ပြီး ပြည့်တန်ဆာအိမ်အပြင်ဘက်တွင် တာဝန်ရှိရဲဝန်ထမ်းနှင့်တွေ့ ပြီး သူမအဖမ်းခံခဲ့ရသည်။ သို့သော်လည်း ၎င်း၏ အလုပ်ရှင်သည် တာဝန်ရှိရဲများနှင့် ဆက်ဆံရေးကောင်းသောကြောင့် ပြန်လွှတ်ပေးခဲ့သည်။ ပြန်ရောက်သောအခါ အလုပ်ရှင်က ၎င်းလွတ်မြောက်လာရန်အတွက် တာဝန်ရှိရဲဝန်ထမ်းများကို ညစာ ဝယ်ကျွေးသည်ဟုအကြောင်းပြကာ လစာများဖြတ်တောက်ခဲ့သည်။

မဇင်မာသည် အုပ်စုဖွဲ့လိင်ဆက်ဆံခြင်းနှင့် သူမ လက်မခံနိုင်သော တောင်းဆိုချက်များကို ငြင်းဆန်သောအခါတွင်လည်း ဧည့်သည်များ၏ ကိုယ်ထိလက်ရောက်နှိပ်စက်မှုများကိုခံခဲ့ရသည်။ ထို့ပြင်မူးယစ်ထုံထိုင်းစေသည့်ဆေးများ မသိမသာ တိုက်ကျွေးခြင်းများလည်း ကြုံတွေ့ခဲ့ရသည်။ ဧည့်သည်များသည် ကွန်ဒုံးအသုံးပြုရန် ငြင်းဆန်လေ့ရှိကြပြီး၊ အချို့မှာငွေပေးရန် ငြင်းဆန်ကြသည်။ ဧည့်သည်တစ်ယောက်သည် မကြာခဏဆိုသလို မြို့ပြင်သို့ ကားနှင့်ခေါ်ဆောင်သွားပြီး မြို့ထဲသို့ပြန်လည် မခေါ်ဆောင်သွားဘဲ ထိုနေရာတွင်သာ ထားခဲ့သည်များလည်း ကြုံတွေ့ခဲ့ရသည်။ ၎င်း၏လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် မူးယစ်ထုံထိုင်းစေသည့်ဆေးများ တိုက်ကျွေးခံရပြီး လူ(၃)ယောက်က အုပ်စုဖွဲ့ဆက်ဆံကာ ဓားပြတိုက်ပြီး လူပြတ်သော နေရာတွင်ပစ်ထားခဲ့ခြင်းကို ခံခဲ့ရသည်။



## မဇင်မာ အသက်(၂၀)နှစ်တွင် အိပ်ချ်အိုင်ဗွီ ပိုးကူးဆက်ခံရခြင်းကို သိခဲ့ရသည်။

မဇင်မာလိင်လုပ်သားအဖြစ် အလုပ်စလုပ်သည့်အချိန်တွင် ဧည့်သည်များ ကွန်ဒုံးသုံးသည့်အကျင့်မရှိခြင်း၊ ဆိုင်ပိုင်ရှင်များ၊ မန်နေဂျာများမှလည်း ကွန်ဒုံးအသုံးပြုရန်တွန်းအားမပေးခြင်း၊ အလွယ်တကူမရနိုင်ခြင်းနှင့် ကွန်ဒုံးမသုံးခြင်း၏နောက်ဆက်တွဲဆိုးကျိုးများကို ကောင်းကောင်းသတိမထားမိသည့် အတွက်ကြောင့် မဇင်မာတွင် အရေပြားအနာများ ပေါက်လာပြီး (၅) လနောက်ပိုင်းမှသာ NGO တစ်ခုအကူအညီဖြင့် ဆေးကုသမှုခံယူခဲ့ရသည်။

## ပြည့်တန်ဆာအိမ်များကို ကျော်ခိုင်းပြီးနောက် အလွတ်တန်းအဖြစ်ရပ်တည်ခဲ့ခြင်း။

ထိုကဲ့သို့နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်ခြင်းခံခဲ့ရသည့်ဘဝမှ ရုန်းထွက်ကာလွန်ခဲ့သော (၂)နှစ်ခန့်မှစတင်၍ မော်လမြိုင်ကားကြီးဝင်းအတွင်း အလွတ်တန်း လိင်လုပ်သားအဖြစ်ကျင်လည်ခဲ့သည်။ ရဲများအားလိုင်းကြေးငွေပေးထားခဲ့၍ပြည့်တန်ဆာအိမ်များတွင်အလုပ်လုပ်ရသည်မှာ ပိုမိုလုံခြုံသော်လည်း ပြည့်တန်ဆာအိမ်၏မန်နေဂျာများနှင့် အခြေတင်စကားများရခြင်း၊ နည်းမျိုးစုံဖြင့်အကြမ်းဖက် အနိုင်ကျင့် ခေါင်းပုံဖြတ်ခံရခြင်းတို့မရှိတော့သဖြင့် အလွတ်တန်းဘဝကို ပိုကြိုက်နှစ်သက်ခဲ့သည်။ အလွတ်တန်းဘဝမှာလည်း သက်ဆိုင်ရာတာဝန်ရှိရဲများကို ဆက်ကြေး/လိုင်းကြေးငွေ ပုံမှန်ပေးနေရခြင်း၊ ရဲများနှင့်လည်း လိင်ဆက်ဆံခံရပြီးနောက် အခကြေးငွေမရရှိခြင်း စသည်တို့ရှိသော်လည်းထိုအလွတ်တန်းပြည့်တန်ဆာဘဝကိုပင်ရွေးချယ်ခဲ့ရသည်။ လိုင်းကြေးဆိုသည်မှာ တစ်လတစ်ကြိမ် (သို့) နှစ်ပါတ်တစ်ကြိမ် စသဖြင့် ပုံမှန်ပေးရခြင်းဖြစ်၍ ဆက်ကြေးဆိုသည်မှာ ကြုံသည့်အခါတိုင်းပေးရခြင်းဖြစ်ရာ ပိုအထိနာပါသည်။



## အလွတ်တန်းပြည့်တန်ဆာ လိင်လုပ်ငန်းဘဝတွင်လည်း ဆက်ဆံနေရသည့် ဧည့်သည်များနှင့် တာဝန်ရှိရဲများ၏အနိုင်ကျင့်မှုကို ဆက်လက်ရင်ဆိုင်နေရခြင်း။

မဇင်မာပြည့်တန်ဆာလိင်လုပ်ငန်း အလုပ်လုပ်စားနေသောနေရာဖြစ်သည့်မော်လမြိုင်မြို့ကားဝင်းအတွင်း သူမကဲ့သို့အခြားသော အလွတ်တန်းပြည့်တန်ဆာ လိင်လုပ်သားများလည်းရှိကြသည်။ ထိုနေရာတွင် တာဝန်ကျနေသော တာဝန်ရှိရဲများကလိုင်းကြေးပုံမှန်တောင်းခံခြင်းနှင့် ကြုံရင်ကြုံသလိုဆက်ကြေးပေးနေရသည့်အပြင် တခါတရံမှာလည်းတာဝန်ကျရဲများက ငွေကြေးမပေးဘဲ လိင်ဆက်ဆံခြင်းတို့ကိုပြုလုပ်ကာသူမတို့အုပ်စု၏ လုပ်စားခွင့်နှင့်အလဲအလှယ်ပြု ပေးခဲ့သည် မဇင်မာနှင့်အပေါင်းပါအဖွဲ့များသည် တာဝန်ရှိရဲများနှင့် အလှည့်ကျ ပုံမှန်လိင်ဆက်ဆံခံပေးရသည်။ တစ်နေ့တွင် အလှည့်ကျဖျော်ဖြေပေးရမည့် အမျိုးသမီးက မပေါ်လာခဲ့သဖြင့် တာဝန်ရှိရဲဝန်ထမ်းများ၏ ဒေါသကိုပုံချခံခဲ့ရသည့်အနေဖြင့် မဇင်မာမှာ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ ပုဒ်မ ၇(၁) "ကျော်ဇောမှု" ဖြင့် ဖမ်းဆီးခံခဲ့ရပြန်ပါသည်။ ဤဥပဒေ ပုဒ်မဖြင့်ထောင်ဒဏ် (၇)ရက် ကျခံရသည်။ ၎င်းဥပဒေ ပုဒ်မ ၇(၁)သည် **"ပြည့်တန်ဆာလိင်လုပ်သားများကို ခြိမ်းခြောက်ငွေညှစ်ရန် တာဝန်ရှိရဲများ၏လက်ကိုင်တုတ်သဖွယ်အသုံးပြုနေခြင်း"** ဖြစ်သည်။ တစ်ခါတရံ အမှုအရေအတွက် လိုအပ်ချက်မပြည့်မီသောကြောင့်လည်း တရားစွဲခံခဲ့ရခြင်းများရှိခဲ့ပါသေးသည်။

## သူမဆက်ဆံနေရသည့် ဧည့်သည်မှ တိုင်ကြားခဲ့၍ သူမဖမ်းဆီးခံရခြင်း။

တစ်ကြိမ်တွင်ထရပ်ကားဒရိုင်ဘာတစ်ဦးသည်တည်းခိုးခန်းခ မပေးချင်၍ကားဘေးနား၌ပင် မဇင်မာအားလိင်ဆက်ဆံခဲ့ပြီး သူမအားဝန်ဆောင်ခပေးရန် ငြင်းဆိုခဲ့သည်။ မဇင်မာက ထိုသို့မပြုလုပ်ရန် တောင်းဆိုခဲ့သည်အခါ ကားဒရိုင်ဘာမှ ပိုက်ဆံမပေးသည့်အပြင် နီးစပ်ရာ နယ်မြေရဲစခန်းကို ဖုန်းခေါ်ဆို၍ အကြောင်းကြားသတင်းပေးပို့ခဲ့သည်။ ထို့ကြောင့်နောက်ထပ်တစ်ကြိမ် ထပ်မံအဖမ်းခံရပြန်ပါသည်။ တရားစွဲခံရသည့် ရဲအက်ဥပဒေ **ပုဒ်မမှာ ၃၅(ဃ) "မှောင်ရိပ်ခိုမှု"** ဖြစ်ပြီး (၇)ရက်အချုပ်ကျ 



ခံခဲ့ရပြန်သည်။ သူမအတွက် ကံကောင်းသည်မှာသူမကိုဖမ်းဆီးသော တာဝန်ကျရဲများမှာ သူမဆက်ကြေးငွေပုံမှန်ပေးနေခဲ့သောရဲများဖြစ်သဖြင့် သူမအား**ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ ပုဒ်မ ၃(က)၊ (ခ)** ဖြင့် တရားစွဲဆိုခြင်းမပြုဘဲ၊ **ဥပဒေပုဒ်မ ၇(၁)ဖြင့် "မှောင်ရိပ်ခိုမှု'** ဖြင့်သာ စွဲချက်တင်ခံခဲ့ရခြင်းဖြစ်သည်။ အကယ်၍ **ဥပဒေ ပုဒ်မ ၃(က)နှင့်(ခ)** တို့ဖြင့်သာ စွဲချက်တင်ခံရပါက **ထောင်ဒဏ် (၁)နှစ်မှ (၃)နှစ်** အထိ ကျခံရမည် ဖြစ်သည်။ ထိုသို့နှယ်လည်း ကျေးဇူးရှင်များအဖြစ်သတ်မှတ်ပြီး အခမဲ့လိင်ဖျော်ဖြေမှုများဖြင့် ပေးဆပ်ခဲ့ရပြန်သေးသည်။

## တာဝန်ရှိနယ်မြေခံရဲများ အမှုအရေးအတွက် ပြည့်မှီရန်အတွက် အမျိုးသမီးလိင်လုပ်သားများအနေဖြင့် တရားရုံးသို့ သွားရောက်၍ ကတိခံဝန်ချက်ထိုးခဲ့ရခြင်း။

မဇင်မာနှင့်တကွ လုပ်ဖော်ကိုင်ဖက်များသည် တာဝန်ရှိနယ်မြေခံရဲစခန်းများတွင် အမှုအရေးအတွက် မပြည့်မီပါက တရားရုံးသို့ အလှည့်ကျသွားရပြီး ဥပဒေ **ပုဒ်မ ၇(၁) "ပြည့်တန်ဆာလုပ်ငန်းဖြင့် ကျော်ဇောမှု"**ကိုကျူးလွန်ခဲ့ကြောင်းကတိခံဝန်ချက်ထိုးပြီးအမှုဖြည့်ပေးရပါသေးသည်။ တရားရုံးမှာတစ်နေ့လုံး ထိုင်စောင့်နေရပြီးအလှည့်ကျခေါ်ယူသည့်အချိန်တွင် ဒဏ်ငွေအနည်းငယ် ပေးဆောင်ခဲ့ရပြီးမှ အိမ်ပြန်ခွင့်ပေးပါသည်။ မဇင်မာတို့အဖွဲ့ ထိုကဲ့သို့ တရားရုံးမှာ တရားဝင်ဒဏ်ငွေပေးဆောင်ခဲ့ခြင်းကို အလှည့်ကျလုပ်ဆောင်ရခြင်းဖြင့်၎င်းတို့နှင့်ဆက်ဆံရေးကောင်း ရရှိကာလုံခြုံစိတ်ဖြင့်ပြန်လာလေ့ရှိကြသည်။ နောင်အခါတွင်အသစ်ပြောင်းလာသောစခန်းမှူး၏ ထောက်ထားညှာတာမှုအရ ရဲဝန်ထမ်းလက်အောက်ငယ်သားများ၏ဆက်ကြေးငွေတောင်းခံမှုနှင့်အခကြေးငွေများမပေးဘဲ လိင်ဆက်ဆံခံရသည့်ကိစ္စများလျော့နည်းသွားခဲ့သည်။

## မဇင်မာအနေဖြင့် ဤအမျိုးသမီး လိင်လုပ်သားဘဝကို စွန့်လွှတ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ခြင်း။

မဇင်မာသည် အမျိုးသမီးလိင်လုပ်သားများ၏ အခွင့်အရေးများအတွက်တက်ကြွသည့် စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်ခဲ့၍ လူမှုရေးဆိုင်ရာလုပ်ငန်းများထဲတွင်လိုက်လံကူညီပေးသူတစ်ဦး ဖြစ်လာသည်။ အမျိုးသမီးလိင်လုပ်သားများအတွက် ပေးခဲ့သောသင်တန်း





အများစုကို တက်ခဲ့ဖူးသူဖြစ်၍ ယခုအခါ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုတွင် ကျန်းမာရေးလုပ် သားတစ်ဦးအဖြစ်လည်း အလုပ်လုပ်ကိုင်လျှက် ရှိပါသည်။ သူမ၏ လုပ်ငန်းတာဝန်များမှာ အမျိုးသမီးလိင်လုပ်သားများအတွက်ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်သည့်သားဆက်ခြားရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်း ဆွေးနွေးပေးခြင်းဖြစ်သည်။ ၎င်းအဖွဲ့တွင် သူမရိုးသားစွာ ရရှိသောလုပ်အားခဝင်ငွေသည် အိမ်ငှားစရိတ်၊ လမ်းစရိတ်၊ စားသောက်စရိတ်များအတွက် တစ်ခါတစ်ရံမလုံလောက်သောကြောင့် ငွေလိုလာလျှင် လိင်လုပ်သားအဖြစ် အချိန်ပိုင်းဝင်ငွေရှာလေ့ရှိသည်။ သူမသည် မိသားစုမရှိသောသူဖြစ်သည့်အလျောက် ဝမ်းစာရေးအတွက် သူမကိုယ်တိုင် ရှာဖွေစားသောက်နေရသည်။ မဇင်မာသည် အမျိုးသမီးလိင်လုပ်သားအလုပ်ကိုအချိန်ပြည့်မလုပ်သော်လည်း သက်ဆိုင်ရာတာဝန်ရှိရဲများကကျော်ဇောမှုနှင့်ယခင်အမှုဟောင်းများဖြင့်ထပ်မံဖမ်းဆီးမည်ကိုထိတ်လန့်စိုးရိမ်နေရသည်။ အမျိုးသမီးလိင်လုပ်သားလုပ်ကိုင်ခဲ့ဖူးသောအမျိုးသမီးများ ၎င်းတို့ကိုသက်ဆိုင်ရာတာဝန်ရှိရဲများက ထိုအမျိုးသမီးများအား အချိန်မရွေး နည်းလမ်းမျိုးစုံ ဥပဒေပုဒ်မများဖြင့်ဖမ်းဆီးအရေးယူနိုင်သောကြောင့် သူမရဲ့ဘဝတွင် စိုးရိမ်းကြောင့်ကြမှုဖြင့် နေထိုင်နေရခြင်းဖြစ်သည်။

# တွေ့ရှိချက်များ၏ အနှစ်ချုပ်



အမျိုးသမီးနှင့်တရားမျှတမှု ၊ တွေ့ရှိချက်များ၏ အနှစ်ချုပ်

## အမျိုးသမီး လိင်လုပ်သားများသည် တည်ဆဲဥပဒေအရ တရားဝင် လုပ်ကိုင်ခွင့် ပိတ်ပင်ထားမှုများကြောင့် ၎င်းတို့ ပုံမှန်ဆက်ဆံနေရသည့် ဧည့်သည်များ၏ အနိုင်ကျင့်မှုများ၊ စော်ကားမှုများကို ခံစားနေရခြင်းမှာ နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသည့် အမှန်တရား တစ်ရပ်ပင်ဖြစ်သည်။ ထိုကဲ့သို့ အနိုင်ကျင့်မှုခံရသူများနှင့် စော်ကားခံရသူများ ဘဝအတွက်အကာအကွယ်ရရှိရန် တည်ဆဲဥပဒေကြောင်း အရ တရားဝင်တိုင်ကြားရန်မှာလည်း လုံးဝမဖြစ်နိုင်ပေ။

အနိုင်ကျင့်ခံရမှုများ၊ စော်ကားခံရမှုများဆိုရာတွင် ကွန်ဒုံးသုံးစွဲရန် ငြင်းဆန်ခြင်း၊ မူးယစ်ထုံထိုင်းစေသည့် ဆေးဝါးများမသိအောင်တိုက်ကျွေးခြင်း၊ လိုအင်ဆန္ဒအတိုင်း မဖြည့်ဆီးပေးနိုင်သည့်အခါရိုက်နှက်ခြင်း၊ အနိုင်ကျင့်ခြင်းနှင့် အုပ်စုဖွဲ့၍လိင်ဆက်ဆံခြင်း၊ဝန်ဆောင်ခမပေးခြင်းနှင့် ခါးပိုက်နှိုက်လုယက်ခြင်းများလည်း ပါဝင်သည်။

## ပြည့်တန်ဆာ သို့မဟုတ် KTVလုပ်ငန်း ပိုင်ရှင်များ၏ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုများ၊ ကိုယ်ထိလက် ရောက်မှုများကို အမျိုးသမီး လိင်လုပ်သားများက အမြဲတစေ ကြုံတွေ့ခံစားနေရ ခြင်း။

ထိုကိစ္စများတွင် ရိုက်နှက်ခြင်း၊ နေမကောင်းသော်လည်း နားခွင့်မပေးခြင်းနှင့် လုပ်ခလစာ ဖြတ်တောက်ခြင်း စသည်တို့ ပါဝင်သည်။

## တည်ဆဲဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်ထားခြင်း မရှိသည့် အပျော်ခန်းများဖြစ်ကြသည့် KTV၊ အနှိပ်ခန်း၊ ဘားစားသောက်ဆိုင်နှင့် အရက်ဆိုင်များတွင် အလုပ်လုပ်နေသော လိင်လုပ်သား များအလွယ်တကူဖမ်းနိုင်ခြင်း။

အဆိုပါကိစ္စမျိုးကို ဆိုင်ပိုင်ရှင်များနှင့် ဒေသခံ အာဏာပိုင်များအကြား လဒ်ထိုး၍ နားလည်မှု တည်ဆောက်ယူထားသော နေရာများတွင်တွေ့နေရသည်။ ထိုဆိုင်ပိုင်ရှင်များသည် နောက်ခံငွေအင်အားနှင့် အသိုင်းအဝိုင်းကို အသုံးချ၍ ၎င်းတို့ကိုအန္တရာယ်များမှ ကာကွယ်နိုင်သော်လည်း ထိုဆိုင်များတွင် အလုပ်လုပ်နေသော အမျိုးသမီးအလုပ်သမားများစွာမှာ လွတ်ရာလမ်းစ မရရှိခဲ့ပေ။

## ၎င်းအပြင် အမျိုးသမီး လိင်လုပ်သားများသည် ၎င်းတို့၏ တရားမဝင် ဖြစ်တည်မှုအရ သက်ဆိုင်ရာ နယ်မြေစခန်းမှ ရဲဝန်ထမ်းများ၏ အနိုင်ကျင့်မှုများ၊ စော်ကားမှုများနှင့် ဗိုလ်ကျမှုများလည်း ရင်ဆိုင်ကြုံတွေ့ခံစားနေရခြင်း။

သက်ဆိုင်ရာနယ်မြေခံတာဝန်ရှိ ရဲဝန်ထမ်းများမှ အမြတ်ထုတ်မှုပုံစံမှာ ဥပမာအားဖြင့်ပုံမှန် လိုင်းကြေးငွေ တောင်းခံခြင်း၊ ကြုံသလိုဆက်ကြေးငွေ တောင်းခံခြင်းနှင့် အခကြေးငွေမပေးဘဲ လိင်ဆက်ဆံခြင်းတို့ပါဝင်သည်။ ရဲများသည် ပြည့်တန်ဆာလုပ်ငန်းကို ချုပ်ကိုင်၍ အကျိုးအမြတ်ရအောင် ပြုလုပ်သည်။ လိုအပ်လျှင် လိုအပ်သလို လိင်လုပ်သားများကို ရွေးချယ်ဖမ်းဆီးခြင်းများလည်း ပြုလုပ်သည်။





## နယ်မြေခံတာဝန်ရှိရဲများ အမှုအရေအတွက် ပြည့်မီရန် ဖမ်းဆီးရသော အခါမျိုးတွင် တရားစွဲဆိုစွဲချက် ဥပဒေပုဒ်မများမှာ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ ပုဒ်မ ၃(က)၊ (ခ) နှင့် ၇(၁)တို့အပြင် ရဲအက်ဥပဒေ ပုဒ်မ ၃၅(ဃ)တိုလည်း ပါဝင်ခဲ့ခြင်း။

ဤပြည့်တန်ဆာနှိပ်ကွက်ရေးအက်ဥပဒေ၏ ပုဒ်မ ၃(က)နှင့် (ခ) တို့၏ **“ညို့သည်ကို သွေးဆောင်ခြင်း”** ပြစ်ဒဏ်မှာ တစ်နှစ်မှ သုံးနှစ်အထိ ဖြစ်ပြီး၊ ထိုဥပဒေ၏ **ပုဒ်မ ၇(၁)အရဆိုရင် “ပြည့်တန်ဆာအဖြစ် အသက်မွေးခြင်း”** နှင့် ၎င်းရဲအက်ဥပဒေ ပုဒ်မ **၃၅(ဃ)အရလည်း “ရည်ရွယ်ချက် မရှိဘဲ ရစ်ဝဲပြုလုပ်ခြင်း”** ၎င်းတို့အတွက် ပြစ်ဒဏ်များ၊ ငွေဒဏ်များ သို့မဟုတ် ထောင်ဒဏ် (၃)လအထိ ကျခံနိုင်မည်။ ပြည့်တန်ဆာအိမ်တွင် အလုပ်လုပ်နေသော အမျိုးသမီးလိင်လုပ်သားများသည် ဤပြည့်တန်ဆာ နှိပ်ကွက်ရေးအက်ဥပဒေ၏ ပုဒ်မ ၃(က)နှင့် (ခ)များဖြင့် ဖမ်းဆီးခံရလေ့ရှိပြီး အလွတ်တန်းအမျိုးသမီးလိင်လုပ်သားများမှာမူ ဤဥပဒေ ပုဒ်မ ၇(၁) သို့မဟုတ် ရဲအက်ဥပဒေ ၃၅(ဃ)ဖြင့် ဖမ်းဆီးအရေးယူခံရခြင်း ဖြစ်သည်။

## သတင်းပေးသူများက အသွင်ယူ ထောင်ချောက်ဆင်၍ ဖမ်းဆီးသော ကိစ္စများတွင် တစ်ခါတစ်ရံ သက်သေ အထောက်အထားများ လုံလောက်မှု မရှိသော်လည်း ဖမ်းဆီးခံရခြင်းများရှိသည်။(မှုခင်းလေ့လာခြင်းနံပါတ် ၁)

ရဲအရာရှိများနှင့် ဆက်ဆံရေး ကောင်းမွန်လာပြီး လာဒ်ပေးနိုင်ခြင်းသည် ပြစ်မှုနှင့် ပြစ်ဒဏ်ကို သိသိသာသာ လျော့ချစေသည်။ လိင်လုပ်သား အမျိုးသမီးများသည် ရဲများ၏ဖမ်းဆီးနှိပ်စက်မှုတို့ကြောင့် အမြဲကြီးလန့်စွာ စားနေရသည်။

## တရားမဝင်ရပ်တည်ရခြင်း ငွေကြေးနှင့် နောက်ခံအသိုင်းအဝိုင်းမရှိမှုများက ၎င်းတို့ကို တရားမျှတမှုအပေါ် လက်လှမ်းမီမှုနှင့် ပိုမိုကင်းကွာနေစေခြင်း။

ဖမ်းဆီးခံရသော အမျိုးသမီး လိင်လုပ်သားများအနေနှင့် အမှုမှလွတ်မြောက်ရန် လိုအပ်သောငွေကြေး ပမာဏနှင့် နောက်ခံအသိုင်းအဝိုင်းမရှိခြင်းတို့သည် အဓိက ပြဿနာဖြစ်သည်။ ၎င်းတို့၏မိသားစုများမှာ ဆင်းရဲသောကြောင့် ကူညီထောက်ပံ့မှု မပြုနိုင်ပါ။ အမျိုးသမီး လိင်လုပ်သားများကလည်း ၎င်းတို့ ပြည့်တန်ဆာလုပ်ငန်း လုပ်ငန်းလုပ်ကိုင်ခြင်းကို မိသားစုအား အသိမပေးဘဲ ထားကြသည်။ ထိုကဲ့သို့ အဖမ်းခံရပြီး ပြန်လွတ်လာသော အခါတွင်လည်း အခြားရွေးချယ်ရာ နည်းလမ်းမရှိသဖြင့် ထိုသံသရာတွင်း၌သာ ဆက်လက်၍ လည်ပတ်နေသည်။

## အမျိုးသမီး လိင်လုပ်သားအများစုသည် ဖမ်းဆီးခံရလျှင် ဥပဒေဆိုင်ရာ အထောက်အကူများ မရရှိခဲ့ပါ။ (မှုခင်းလေ့လာခြင်း နံပါတ် ၂ ကို ကြည့်ပါ)

မွန်ပြည်နယ်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း များဖြစ်သည့် MWCUC နှင့် မေတ္တာအင်အားတို့မှာ ဖမ်းဆီးခံရသော အမျိုးသမီးလိင်လုပ်သားများကို ဥပဒေဆိုင်ရာ အထောက်အကူပေးနေရသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခဲ့ပြီး လိုအပ်သော အကူအညီများ ပေးလျှက်ရှိနေသည်ကို လေ့လာတွေ့ရသည်။ သို့သော်လည်း ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာပမာဏမှာ အလွန်နည်းပါးလျှက် ရှိနေပါသည်။ ထိုဒေသတွင်ရှိသော မော်လမြိုင်တရားမျှတမှုစင်တာကို ၂၀၁၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီးနောက် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် (၆)ခုထိ တိုးချဲ့ဖွင့်လှစ်ခဲ့သော်လည်း ၎င်းတို့၏ ပျံ့နှံ့မှုမှာ နည်းပါးနေပါသေးသည်။





## အမျိုးသမီးလိင်လုပ်သားများအနေဖြင့် အချုပ်ကျခံရသည့်ကာလနှင့် အကျဉ်းထောင်တွင်း နေထိုင်ရသည့်ကာလများတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများရှိပြီး လုံလောက် ကောင်းမွန်သည့် ဆေးဝါးကုသမှုများမရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရခြင်း။

အမျိုးသမီးလိင်လုပ်သားများနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးမှုများအရ သိရှိရသည်မှာ **"အချုပ်ကျခံနေစဉ်၊ အကျဉ်းကျနေစဉ်ကာလအတွင်း လိင်ဆက်ဆံခံရနေခြင်းနှင့် ငွေကြေးတောင်းခံမှုများ ရှိခဲ့ကြောင်း"** ကို လေ့လာသိရှိရသည်။ ထို့ထက် ပို၍ ဆိုးရွားသည်မှာကတော့ ခုခံအားကျဆင်းမှု့ရောဂါ ကဲ့သို့ စိုးရိမ်ရသည့်ရောဂါမျိုး ရှိ/မရှိ အချုပ် အကျဉ်းထောင်များတွင် စစ်ဆေးပေးမှုမရှိခြင်းနှင့် လိုအပ်သည့် ဆေးဝါးကုသမှုအခွင့်အရေးများကိုလည်း မလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ဥပမာအားဖြင့် မှုခင်းလေ့လာခြင်း နံပါတ်၁ တွင် အမျိုးသမီးငယ်တစ်ဦး ခုခံအားကျဆင်းမှုရောဂါ ရှိနေခြင်းကို သိပြီးပါက သူမကိုအလုပ်ကြမ်းဌာနသို့ မပို့ဘဲ လိုအပ်သောဆေးဝါး ကုသမှုနှင့် ကောင်းမွန်သောစောင့်ရှောက်မှုများ ရရှိမည်ဆိုလျှင် သူမမှာ အဆုတ်ရောဂါဖြင့် အကျဉ်းထောင်ထဲတွင် ကွယ်လွန်စရာ အကြောင်းမရှိပါ။

## မွန်ပြည်နယ်တွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အစပြု ကြိုးပမ်းဆောင်ရွက်မှုမှာ အမျိုးသမီးလိင်လုပ်သားများအတွက် ကောက်ရိုးတစ်မျှင် ဖြစ်ခဲ့ရခြင်း။

**တော်ဝင်ခရေ** ဟုခေါ်ဆိုသော **"လိင်လုပ်သားများ အစည်းအရုံး"** သည် အမျိုးသမီး လိင်လုပ်သားများအတွက် ၂၀၁၆ နှင့် ၂၀၁၇ ကြားတွင် ဥပဒေဆိုင်ရာနှင့် ပတ်သက်သော သင်တန်းများမော်လမြိုင်မြို့တွင် ဖွင့်ခဲ့ပါသည်။ မေတ္တာအင်အားနှင့် MWCUC တို့၏ တွေ့ဆုံမေးမြန်းဆွေးနွေးမှုမှ လေ့လာရရှိထားသော မှတ်တမ်းများ

အရ ထိုသင်တန်းများမှရရှိခဲ့သောဗဟုသုတ အတွေးအခေါ်များကြောင့် သက်ဆိုင်ရာ နယ်မြေခံရဲဝန်ထမ်းများက ပြောဆိုခြိမ်းခြောက်မှု စော်ကားမှုများကို ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန် တုန့်ပြန်နိုင်ခဲ့ကြသည်။ ထိုသင်တန်းသို့ တက်ရောက်လာနိုင်သော အမျိုးသမီး လိင်လုပ်သားအများစုမှာ အလွတ်တန်း အမျိုးသမီးလိင်လုပ်သားများဖြစ်ကြပြီး ပြည့်တန်ဆာအိမ်တွင်အလုပ်လုပ်နေကြသော အမျိုးသမီးလိင်လုပ်သားများအနေဖြင့်မူ လွတ်လွတ်လပ်လပ် တက်ရောက်နိုင်ခြင်းမျိုးမရှိကြောင်း လေ့လာတွေ့ရှိသည်။ ယခုလောလောဆယ်တွင် MWCUC နှင့် မေတ္တာအင်အားအဖွဲ့ အစည်းအနေဖြင့် အမျိုးသမီးလိင်လုပ်သားများအတွက် တွေ့ဆုံမေးမြန်းဆွေးနွေးပွဲများကို အလျဉ်းသင့်လျှင်သင့်သလို စီစဉ်လုပ်ဆောင်နေခြင်း၊ ထိုဆွေးနွေးပွဲများတွင် ၎င်းတို့၏ ပြဿနာများ၊ အခက်အခဲများကို တိုင်ပင်ဆွေးနွေး ကြပြီး ၎င်းတို့နှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အကြောင်းအရာများကိုလည်း ဆွေးနွေးပေးခြင်း၊ **"အဓိကသက်ဆိုင်သူများပါဝင်တွေ့ဆုံခြင်း Key Stakeholder Meeting"** ဆွေးနွေးပွဲများကိုလည်း အစပြုဖော်ဆောင်ပေးခဲ့ကြခြင်း၊ ထိုဆွေးနွေးပွဲသို့ အမျိုးသမီးလိင်လုပ်သားများအပြင် ဆိုင်ပိုင်ရှင်များ၏ မန်နေဂျာများကိုပါ ဖိတ်ခေါ်၍ ကွန်ဒုံးအသုံးပြုရန် အရေးကြီးပုံ၊ လိင်ဆက်ဆံရသည့် ဧည့်သည်များအတွက်ထားရှိရမည့် စည်းမျဉ်းစည်းကမ်းများ ဖော်ဆောင်ခြင်းတို့ကို လုပ်ဆောင်နေခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရခြင်း အဓိကအကြောင်းရင်းမှာ အမျိုးသမီးလိင်လုပ်သားများ၏လူနေမှုဘဝကိုပိုမို အကာအကွယ်ပေးနိုင်ရန်အတွက်ဖြစ်ပါသည်။ အမျိုးသမီးလိင်လုပ်သားများ၏ အဆိုအရ ထိုကဲ့သို့ အားလုံးပါဝင်သည့် ဆွေးနွေးပွဲများ၏ရလဒ်များကြောင့် ၎င်းတို့အပေါ်တွင်အကောင်းဘက်ကို ဦးတည်သွားသည့်အကျိုးသက်ရောက်မှုများ ရှိနိုင်ကြောင်းလည်း ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ယခင်ကဆိုလျှင် ဆိုင်ပိုင်ရှင်များ၊ ဆိုင်၏ မန်နေဂျာများသည် ဆိုင်ကိုလာသည့် ဧည့်သည်တို့၏ ဆန္ဒနှင့်တောင်းဆိုမှုများကိုသာ လိုက်လျောပေးရန် တွန်းအားပေးခဲ့ကြသော်လည်းယခုအခါတွင်မူ အမျိုးသမီးလိင်လုပ်သားများကို အကာအကွယ်ပေးနိုင်ရန်အတွက် ဧည့်သည်များအတွက် ရှိထားသင့်သောစည်းကမ်းများသတ်မှတ်ခြင်းနှင့်ညဘက်အချိန်များတွင်သွားရေးလာရေးကိုပါ စီစဉ်ပေးခဲ့ကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူယခုထက်ပို၍ကျယ်ကျယ်ပြန့်ပြန့်





လုပ်ဆောင်ပေးရန် လိုအပ်ပြီးအခြားထောက်ပံ့မှုများလည်း များစွာ လိုအပ်နေသေးကြောင်း အထူးအားဖြင့်မိမိ၏ဝန်ထမ်းလိင်လုပ်သားများအား လာရောက်ဆက်ဆံသော Customer များတွင် HIV ကူးစက်ခံထားရသောသူများပါလာပါက မည်သို့ကာကွယ်မည်နည်းဆိုသည်များနှင့် ဆေးပညာရှင် အစောင့်အရှောက်များဖြည့်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရသည်။

# အကြံပြုချက်များ

## ရည်ရွယ်ချက်ရှိရှိ ပြစ်ဒဏ်ပေးသည့် သဘောမျိုးထက် အမျိုးသမီး လိင်လုပ်သားများ၏ ဘဝလုံခြုံရေးနှင့် အကာအကွယ်ပေးနိုင်ရေးကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်





## လွှတ်တော်အနေဖြင့် ထည့်သွင်းစဉ်းစားရန် အကြံပြုချက်များ

- အမျိုးသမီးလိင်လုပ်ငန်းသားအများစုအတွက် လိုအပ်သည့်ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးကုသခွင့်နှင့် ဆေးဝါးရပိုင်ခွင့်အခွင့်အရေးများကို လက်လှမ်းမီရရှိအောင်နောက်ထပ် လိုအပ်သောမူဝါဒများ ပြဋ္ဌာန်းပေးရန်နှင့် လိင်မှုကိစ္စနှင့်ပတ်သက်၍ ပြစ်မှုလျှော့ချရေးအစီအစဉ်တစ်ရပ် ထားရှိရန် လိုအပ်သောဥပဒေပြဋ္ဌာန်းများကို ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း။
- အကယ်၍ လက်တလောနိုင်ငံရေးအနေအခြေတွင် လိင်မှုကိစ္စနှင့်ပတ်သက်သည့်လုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ရန်မဖြစ်နိုင်သော်လည်း သူတို့မှဆက်ဆံနေရသည့်ဧည့်သည်ကို **"ဆွဲဆောင်မြူဆွယ်ခြင်း"** ဆိုသည့်အသုံးအနှုန်းကိုခေါင်းစဉ်တပ်ပြီး ဥပဒေနှင့်ငြိစွန်းသည်ဟု သတ်မှတ်မည့်အစား ဤကိစ္စနှင့်ပတ်သက်၍ ဘယ်လိုလျှော့ချမည်နည်းဆိုသော အပြုသဘောဆောင်သည့်နည်းလမ်းကို ချဉ်းကပ်ရန် နှင့် တရားဝင်လမ်းဖြစ်ရန် စဉ်းစားပေးသင့်ကြောင်း။
- ၎င်းအား လူကုန်ကူးသူများနှင့်အခြားဆက်နွယ်သောသူများဖြစ်သည့် အမျိုးသမီးများကို တွန်းအားပေး၍ လိင်ကိစ္စပြုလုပ်စေသူများကိုသာ တည်ဆဲဥပဒေဖြင့်ဖြစ်စေ၊နောက်ထပ်လိုအပ်သည့် ဥပဒေအသစ်ပြဋ္ဌာန်းရန်ဖြစ်စေစဉ်းစားသင့်ကြောင်း၊ ထိုမှသာလျှင် မိသားစုများ၏ ကလေးများကိုထောက်ပံ့နေရသောအမျိုးသမီးများပြစ်ဒဏ်ကျခံစေရေးမှ သူတို့ဘဝအတွက် ယခုလိုလုပ်ငန်းမျိုး မှကင်းဝေးသွားနိုင်ကြောင်း။
- ၎င်းတို့၏ တရားမဝင်ဖြစ်တည်မှုသည် ဆက်ဆံရသည့်ဧည့်သည်များ၊ ဆိုင်ပိုင်ရှင်များ၊ တာဝန်ရှိရဲဝန်ထမ်းများ၏အလွယ်တကူအနိုင်ကျင့်မှုများ၊ စော်ကားမှုများကိုခံစားရသည့်အပြင် ပြဿနာတစ်စုံတစ်ရာ ဖြစ်လာပါက ဥပဒေလမ်းကြောင်းနှင့်အညီဖြေရှင်းရန် ခက်ခဲသည့်အနေအထားတွင်ရုန်းကန်နေကြရကြောင်း၊ ဆက်ဆံနေရသည့် ဧည့်သည်များအား ဆွဲဆောင်ခြင်းကိုခွင့်ပြုပေးသင့်ပြီး၊ အမျိုးသမီးလိင်လုပ်သားများအပေါ်ဖိနှိပ်မှုများ၊ စော်ကားမှုများ၊ အနိုင်ကျင့်မှုများတားဆီးပေးနိုင်မှသာလျှင် သူတို့ဘဝအတွက်သက်ဆိုင်ရာနယ်မြေခံ တာဝန်ရှိ ရဲဝန်ထမ်းများ၏ အနိုင်ကျင့်မှုများနှင့် ဗိုလ်ကျမှုများအောက်မှ လွတ်ကင်းသွားနိုင်သည့်

အပြင် တည်ဆဲဥပဒေလမ်းကြောင်းနှင့်အညီ အမှန်တရားကို ဖော်ထုတ်ရှာဖွေရန် လမ်းစတစ်ခု သူတို့အတွက်ဖွင့်ပေးသင့်ကြောင်း။

## လွှတ်တော်၏ အခန်းကဏ္ဍ

- လိုင်လုပ်ငန်းကို ရာဇဝတ်မှုအဖြစ်မှပယ်ဖျက်၍ လိုင်လုပ်သား အမျိုးသမီးများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမှီစေသော မူဝါဒများ ချမှတ်ကာ လိုင်လုပ်ငန်းကို ထိန်းချုပ်သွားရန်၊ အကယ်၍ လိုင်လုပ်ငန်းကို တရားဝင် အဖြစ်မသတ်မှတ်နိုင်သေးပါကလည်း လိင်ကိစ္စအတွက် မြူဆွယ်ခြင်းကို ရာဇဝတ်မှုအဖြစ်မှကင်းလွတ်ခွင့်ပြုပြီး လူကုန်ကူးသူများနှင့် ဆင်းရဲနွမ်းပါး အမျိုးသမီးများအား လိင်အလုပ်အတင်းအကျပ်စေခိုင်းသူများကိုဦးတည်အပြစ်ပေးရန် တင်ပြအကြံပြုပါသည်။ လိင်လုပ်သားအမျိုးသမီးများသည် ဥပဒေမဲ့ရပ်တည်ရခြင်းကြောင့် ဧည့်သည်နှင့်အလုပ်ရှင်၏ နှိပ်စက်ခံရခြင်း၊ တရားမျှတမှု လက်လှမ်းမမှီနိုင်ခြင်း စသည်တို့နှင့်ကြုံတွေ့ရပြီး လိင်လုပ်ငန်းကို ရာဇဝတ်မှုအဖြစ်မှပယ်ဖျက်ပေးပါက အဆိုပါဖိနှိပ်မှုဒဏ်များမှ လွတ်မြောက်ကာ ဥပဒေအကာအကွယ်ပေးခြင်းကို ခံစားခွင့်ရှိလာမည် ဖြစ်သည်။

## မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အတွက် ထည့်သွင်းစဉ်းစားရန် အကြံပြုချက်များ

- မြန်မာနိုင်ငံပြည်သူ့ ရဲတပ်ဖွဲ့များအနေဖြင့် အမျိုးသမီးလိင်လုပ်သားများအပေါ် အောက်ခြေ သက်ဆိုင်ရာနယ်မြေခံ ရဲစခန်းများမှ တာဝန်ရှိရဲဝန်ထမ်းများက ၎င်းတို့အပေါ် ပြုလုပ်နေသော အနိုင်ကျင့်မှုများနှင့် စော်ကားမှုများကို ရပ်တန့်ပေးရန်အတွက် ၎င်းတို့၏သက်ဆိုင်ရာနယ်မြေခံ ရဲစခန်းများ၏ တာဝန်ရှိရဲဝန်ထမ်းများအား ဤကိစ္စနှင့်ပတ်သက်၍ ဆက်စပ်မှုရှိသည့် သင်တန်းများ ပေးသင့်ကြောင်း၊ စောင့်ကြည့် စစ်ဆေးပေးသင့်ကြောင်း ပုံမှန်ပြုလုပ်သွားရန် လိုအပ်ပါကြောင်း။ **(အနိုင်ကျင့်မှုများ ဟုဆိုရာတွင် ဥပမာ - ဆက်ကြေးငွေ တောင်းခံခြင်းမျိုး၊ လိုင်းကြေးငွေပေးရခြင်းမျိုး၊ ခြိမ်းခြောက်ခံရမှုမျိုး၊ အခကြေးငွေမပေးဘဲ လိင်ဆက်ဆံခြင်းမျိုး စသည်တို့ပါဝင်သည်။ အထူးသဖြင့် အသွင်ယူပြီးမှ ဖမ်းဆီးခြင်းအဆင့်ကို ပယ်ဖျက်ပေးစေလိုပါသည်။)**

## ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနများအတွက် ထည့်သွင်းစဉ်းစားပေးရန် အကြံပြုချက်များ

- အမျိုးသမီး လိင်လုပ်သားများအတွက် ယခုထက် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အကျဉ်းထောင်နှင့် အကျဉ်းလုပ်သားစခန်းတို့မှာ ပုံမှန်ကျန်းမာရေး စစ်ဆေးချက်များ လွယ်ကူစွာလက်လှမ်းမီရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် ယခုအခြေအနေကဲ့သို့ စိုးရိမ်ရသောရောဂါများ ဖြစ်သည့် HIV/AIDS ဝေဒနာရှင်များကို အချိန်မီကုသပေးနိုင်ခြင်း၊ ဆေးဝါးပေးနိုင်ခြင်း သူတို့ဘဝအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီရသင့်ရထိုက်သော ကျန်းမာရေးဆိုင်ရာအခွင့်အရေးများ လက်လှမ်းမီရန် လိုအပ်ကြောင်း။

## ပြည်ထောင်စု ဥပဒေအထောက်အကူပြုအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များအတွက် ထည့်သွင်းစဉ်းစားရန် အကြံပြုချက်များ

- အမျိုးသမီးလိင်လုပ်သား အများစုအတွက် ဥပဒေဆိုင်ရာအထောက်အကူများ လက်လှမ်းမီရန်အတွက် ဥပဒေဆိုင်ရာနှင့် လက်တွေ့ကျသော ကူညီထောက်ပံ့မှုများ ပုံမှန်ရရှိရန် လိုအပ်ကြောင်း၊ အဓိကလိုအပ်သော ဥပဒေဆိုင်ရာ အကူအညီသည် လက်တွေ့တွင် မတရားအနိုင်ကျင့်ခံရမှုများ၊ စော်ကားခံရမှုများ၊ ချိုးဖောက်ခံရမှုများ၊ ဖမ်းဆီး မှုများ၊ အရေးယူမှုများ၊ တရားစွဲဆိုမှုများ စသည်တို့ဖြင့်ဥပဒေလမ်းကြောင်းနှင့်အညီ သူတို့ရသင့်ရထိုက်သော ဥပဒေဆိုင်ရာ အခွင့်အရေးများအပြင် တည်ဆဲဥပဒေနှင့်အညီ တရားဥပဒေ ရှေ့မှောက်၌ တန်းတူခွင့်ရရှိအောင်လိုအပ်သည့် အကူအညီ ဝန်ဆောင်မှုများ ထားရှိ

သင့်ကြောင်း။ ၎င်းအပြင် ဖမ်းဆီးအရေးယူ ထိန်းသိမ်းခံရချိန်တွင်လည်း ရောဂါရှိသော အမျိုးသမီး လိင်လုပ်သားများအတွက် ကျန်းမာရေး ကုသခွင့် ဝန်ဆောင်မှုများကိုလည်း လိုအပ်နေကြောင်း။

## အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများအတွက် ထည့်သွင်းစဉ်းစားရန် အကြံပြုချက်များ

- အမျိုးသမီးလိင်လုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသောကဏ္ဍ တစ်ရပ်ပိုမိုကျယ်ပြန့်၍ တိုးတက်လာစေရန်နှင့် လက်ရှိဒေသခံအဖွဲ့ အစည်းများ အစပြု၍ လုပ်ဆောင်နေသော ဥပဒေဆိုင်ရာ အထောက်အကူပြုသည့် အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ပေးခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ အားလုံးပါဝင်နိုင်သည့်ဆွေးနွေးပွဲများဖော်ဆောင်ပေးခြင်း၊ ၎င်းတို့ကိုအားကောင်း လာစေရန် ကူညီပံ့ပိုးပေးသင့်ကြောင်း၊ သို့မှသာ အမျိုးသမီးလိင်လုပ်သားများ၏ သူတို့ရဲ့လုပ်ငန်းခွင် လုံခြုံမှုအခြေအနေများ ကောင်းမွန်တိုးတက်လာနိုင်မည် ဖြစ်ကြောင်း။

MyJustice

yHk;ulnDonfh tzGJUpnf

European Union

taumiftxnfazmfaqmifonfh tzGJUpnf

BRITISH COUNCIL

**ကြေငြာချက်**

ယခုစာတမ်းတွင် ပါဝင်သော အချက်အလက် အမြင်များသည် ရေးသားပြုစုသူ၏ အမြင်များသာဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဗြိတိသျှကောင်စီနှင့် MyJustice စီမံကိန်းတို့၏ ထင်မြင်ယူဆချက်များ လုံးဝမဟုတ်ပါ။